ဤစမ်းသပ်ချက်ကို (၂၂.၅.၂၀)နေ့တွင် စိုက်ပျိုးခဲ့ပါသည်။ မစိုက်ပျိုးမီ (၁၆)သွား(၂)စပ် မောင်း၍ အမှိုက်ကောက်ခြင်း၊ မြေခံမြေဩဇာထည့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မြေခံအဖြစ် ယူရီးယား ၂၈ပေါင်/ဧက၊ တီစူပါ၅၆ပေါင်/ဧက၊ ပိုတက်ရှ်၂၈ပေါင်/ဧက နှုန်းထည့်သွင်းခဲ့ပါသည်။ နွားထွန်ဖြင့် ကြောင်းဆွဲ၍ စမ်းသပ်ကွက်ရိုက်ခြင်း၊ မျိုးများကို Replecation အလိုက်ချ၍ စိုက်ပျိုးခဲ့ပါသည်။ ၁.၆.၂၀ နေ့တွင် နွားထွန်ဖြင့် ကြောင်းဖောက်ခဲ့ပါသည်။ ၈.၆.၂၀နေ့တွင် နွားထွန်ဖြင့် ကြောင်းတိုက်ခဲ့ပါသည်။ ပထမအကြိမ် ပေါင်းထိုးခြင်း၊ သားခွဲခြင်းကို(၉.၆.၂၀၀နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ယူရီးယား၂၈ပေါင်/ဧက နှုန်းကျွေးခဲ့ပြီး နွားထွန်ဖြင့် ဘောင်တင်ခဲ့ပါသည်။ (၁၃.၆.၂၀) နေ့တွင် ပိုးသတ်ဆေး(ပိုးမာစတာ)နှင့် အားဆေး(ကေတောနစ်)ကို ပထမအကြိမ်ဖျန်းခဲ့ပါသည်။ (၂၂.၆.၂၀)နေ့တွင် ဒုတိယအကြိမ် ပိုးသတ်ဆေးဖျန်းခဲ့ပါသည်။ ဒုတိယအကြိမ် ပေါင်းထိုးခြင်းကို (၂၇.၆.၂၀)နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ (၂၇.၆.၂၀)နေ့တွင် တတိယအကြိမ် ပိုးသတ်ဆေးနှင့် မှိုသတ် ဆေး(လာဘီလိုက်)ဖျန်းခဲ့ပါသည်။ (၃.၇.၂၀)နေ့တွင် ထရိုင်ကိုဒါးမား မြေဆွေးများ စိုက်ကြောင်းအတွင်း ထည့်သွင်းခဲ့ပါသည်။ (၇.၇.၂၀)နေ့တွင် ယူရီးယား၂၈ပေါင်/ဧက နှုန်းကိုကျွေး၍ နွားထွန်ဖြင့် ကြောင်းတိုက်ခဲ့ပါသည်။ (၃၀.၈.၂၀)နေ့မှ (၁.၉.၂၀)နေ့အထိ စမ်းသပ်ကွက် သိမ်းခဲ့ပါသည်။

(စျ) မြေဩဇာနှုန်းထား– ၁၁၂ lb (ယူရီးယား)/ac၊ ၅၆ lb(တီစူပါ)/ac၊ ၂၈lb(ပိုတက်ရှ်)/ac

(ည) ကောက်ယူသည့်မှတ်တမ်းများ

- အပင်ပေါက်စုံရက်
- ပန်းစပွင့်ရက်
- ၅၀% ပန်းပွင့်ရက်
- ပန်းတိတ်ရက်
- သိမ်းပင်
- ပသီးထိပင်မြင့် (cm)
- စုစုပေါင်းပင်မြင့် (cm)
- ဘေးကိုင်း(Ns)
- တပင်ပါအသီးအောင်/မအောင်
- အသီးအလျား(cm)
- တစ်သီးပါအစေ့
- အစေ့ ၁၀၀၀ အလေးချိန်
- ၁၀ပင်ထွက်(gm)
- အကွက်ထွက်ပေါင်း(g)
- တဧကအထွက်(တင်း)

မိုးရွာရက်–၂၁ရက်

မိုးရေချိန်–၉.၇၅လက္ခ

ရေ –မိုးရေ

မြေ – သဲဆန်သောမြေ

P^H – 6–7.5

(၄) မှတ်တမ်းကောက်ယူသည့်ရက်စွဲများ

- အပင်ပေါက်စုံရက် – (၂၈.၅.၂၀၂၀)
- ပန်းစပွင့်ရက် – (၂၃.၆.၂၀၂၀မှ၃၀.၆.၂၀၂၀ထိ)
-
- ၅၀%ပန်းပွင့်ရက် – (၁.၇.၂၀၂၀မှ၁၈.၇.၂၀၂၀ထိ)
- ပန်းတိတ်ရက် – (၃၀.၇.၂၀၂၀မှ ၃.၈.၂၀၂၀ထိ
- သိမ်းရက် – (၁၈.၈.၂၀၁၉မှ၂၂.၈.၂၀၂၀ထိ)
- ၁၀ပင်Data များ – (၂၃.၈၂၀၂၀ မှ ၂၄.၈.၂၀၂၀)
- အစေ့၁၀၀၀အလေးချိန်၊၁၀ပင်ထွက် –(၃၁.၈.၂၀၂၀)
- အကွက်ထွက်များပြာတီး/သန့်စင် – (၁၃.၉.၂၀၂၀ မှ ၁၄.၉.၂၀၂၀ထိ)
- ချိန်တွယ်ခြင်း –၁၅.၉.၂၀ မှ၁၆.၉.၂၀၂၀ထိ

မျိုးကူးစပ်ဆောင်ရွက်သည့်အသေးစိတ်ဖော်ပြချက်

စဉ်	မျိုးလိုင်းများ	မိဘအမည်
၁	Mss – 17011	Yss–02051 × မကွေးဖြူ
၂	Mss – 15021	ဆင်း–၈× မကွေးဖြူ
၃	Mss – 15024	ကိုရီးယား× မကွေးဖြူ
၄	Mss – 18001	ကိုရီးယား × Yss–02051
၅	Mss – 18002	ကိုရီးယား × Yss–02051
၆	Mss – 18003	ကိုရီးယား × Yss–02051
၇	Mss – 18004	မကွေးဖြူ× ဆင်း – ၄
၈	Mss – 18005	မကွေးဖြူ× ဆင်း – ၄
၉	ဘပန် (စံ)	

၆။ တွေ့ရှိချက်ဇယားနှင့်ဖော်ပြချက်များ

စဉ်	မျိုးအမည်	တစ်ပင်ပါအောင်သီး	တစ်သီးပါအစေ့	အစေ့(၁၀၀၀)အလေးချိန်(g)	အကွက်ထွက်(g)	အပင်ဦးရေ	တစ်ဧကအထွက်(တင်း)	အထွက်ပို%
1	MSS–17011	23	63	2.6	155	81	3.67	–
2	MSS–15021	21	79	2.7	338	146	8.0	–
3	MSS–15024	33	87	3	273	122	6.58	–
4	MSS–18001	56	64	3	530	150	12.55	–
5	MSS–18002	46	69	2.8	282	122	6.68	–
6	MSS–18003	48	74	3	271	117	6.41	–
7	MSS–18004	46	65	3.1	202	99	5.68	–
8	MSS–18005	26	71	2.9	229	178	5.42	–
9	ဘပန်(ck)	50	75	3.1	210	127	4.97	
	Mean	39					6.65	
	F–test	**					**	
	CV%	14.07					11.5	
	$LSD_{(0.05)}$	9.07					1.32	

၇။ သုံးသပ်ချက်နှင့်အကြံပြုချက်

မေလအတွင်း ရွာသွန်းသော မိုးရေချိန်(၁.၁၃)လက္ခဖြင့် (၂၂.၅.၂၀)နေ့တွင် စိုက်ပျိုးခဲ့ပါသည်။ (၂၈.၅.၂၀)နေ့တွင် အပင်ပေါက်စုံပြီး အပင်အခြေအနေ ကောင်းမွန်ခဲ့ပါသည်။အပင်သက်တမ်း(၄၅)ရက်သား ရှိချိန် ပန်းဖြိုင်ဖြိုင်ပွင့်ချိန် ဇူလိုင်လ(၇)ရက်မှ (၁၈)ရက်ထိ မိုးရွာသွန်းမှု ဆက်တိုက်ပြတ်တောက်ခဲ့၍ ပွင့်နှီများကပ်ပြီး အသီးတင်မှု နည်းပါးခဲ့ပါသည်။ဇူလိုင်လအတွင်း မိုးရွာရက်(၆)ရက်၊ မိုးရေချိန်(၂.၁၂)လက္ခသာရရှိပြီး အပူချိန်လွန်ကဲသောကြောင့် မိုးဂရုမူနည်းပါးသဖြင့် အသီးဖြစ်ထွန်းမှု နည်းပါးခဲ့ပါသည်။ သို့သော်MSS–18004, MSS–18005 မျိုး(၂)မျိုးမှလွဲ၍ ကျန်သည့်မျိုးများသည် စံထားမျိုး ဘပန်ထက် အထွက်နှုန်းကောင်းမွန်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ၎င်းမျိုးများသည်မိုးခေါင်ဒဏ်ခံနိုင်ရည်ရှိသောမျိုးများဖြစ်မည်ဟုသုံးသပ်မိပါသည်။

၈။ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

နောင်လာမည့်စမ်းသပ်ရာသီတွင် တတိယအကြိမ်အဖြစ် ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

နှမ်းဖြူမျိုးများပဏာမအဆင့်အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်းWPYT(9မျိုး3×လီ)RCB

စဉ်	မျိုးအမည်	ထပ်ပြုကြိမ်	အပင်ပေါက်စုံရက်	ပန်းစပွင့်ရက်	၅၀% ပန်းဖြိုင်ရက်	ပန်းတိတ်ရက်	သိမ်းပင်	အသက်ရက်	ပသီးထိပင်မြင့်	စုစုပေါင်းပင်မြင့်	ဘေးကိုင်း	တပင်ပါအသီး		အသီးအလျှား	တစ်သီးပါအစေ့	အစေ့(၁၀၀၀)အလေးချိန်(g)	၁၀၀ပင်အထွက်(g)	အကွက်ထွက်(g)	တကေအထွက်(တင်း)
												အောင်	မအောင်						
1	MSS-17011	3	6	37	47	71	81	86	51	84	2	23	7	2.6	63	2.6	47	155	3.67
2	MSS-15021	3	6	32	37	70	146	85	42	71	3	21	5	3.2	79	2.7	38	338	8
3	MSS-15024	3	6	33	38	71	122	85	39	71	3	33	4	3.3	87	3	57	273	6.58
4	MSS-18001	3	6	38	46	72	150	85	44	85	3	56	12	2.9	64	3	74	530	12.55
5	MSS-18002	3	6	37	41	72	122	86	44	78	2	46	7	2.7	69	2.8	66	282	6.68
6	MSS-18003	3	6	38	42	72	117	86	44	79	2	48	7	2.6	74	3	67	271	6.41
7	MSS-18004	3	6	35	40	70	99	85	48	88	3	46	8	2.6	65	3.1	44	202	5.68
8	MSS-18005	3	6	30	35	71	178	84	37	59	22	26	4	2.9	71	2.9	44	229	5.42
9	ဘပန်(ck)	3	6	37	47	75	127	86	44	75	3	50	9	2.7	75	3.1	63	210	4.97

ပဲတီစိမ်းသီနှံသားဆက်အဆင့်ဆင့်မွေးမြူရွေးချယ်ခြင်း

၁။ Program – I, Project – No.2, Activity – 2

၂။ နိဒါန်း

ပဲတီစိမ်းသီးနှံသည် ပဲမျိုးရင်းဝင် အုပ်စုတွင်ပါဝင်ပြီး သက်တမ်းတို သီးနှံတစ်မျိုး ဖြစ်ပါသည်။ပဲတီစိမ်းသီးနှံသည် အရွေတောင်အာရှတွင် အရေးပါသော သီးနှံတစ်ခုလည်း ဖြစ်ပါသည်။ ပဲတီစိမ်းတွင် Protein ဓာတ်ပါဝင်မှုများခြင်း(24.3%) နှင့် မြေဆီဩဇာတိုးတက်စေခြင်း၊ အမြစ်ရှိ မြစ်ဖုများသည် လေထဲမှ nitrogen ဓာတ်ဖမ်းယူပေးခြင်းတို့ကြောင့် စိုက်ပျိုးရေးလောကတွင် ထင်ရှားကျော်ကြားသော သီးနှံတစ်ခုလည်းဖြစ်ပါသည်။ ၎င်းအပြင်ပဲတီစိမ်းအသီးအခြောက်အခွံများကို နွားစာအဖြစ် အသုံးပြုနိုင်သဖြင့် နွားစာရှားပါးသော ဒေသများအတွက် အလွန်အရေးပါသော သီးနှံလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပဲတီစိမ်းသီးနှံကိုမိုးကြိုမိုးနှင့်ဆောင်းရာသီတို့တွင်စိုက်ပျိုးလေ့ရှိကြပါသည်။ အောက်မြန်မာပြည် ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်မူ စပါးသီးနှံရိတ်သိမ်းအပြီးတွင် စိုက်ပျိုးလေ့ရှိကြသည်ကို တွေ့ရပါသည်။ ပဲတီစိမ်းသီးနှံတွင် ကျရောက်တတ်လေ့ရှိသော ရောဂါများအနက် ယခုအခါတွင် အဝါရောင်မိုစေ့ရောဂါသည် ကျရောက်မှုများလာသည်ကို တွေ့ရှိရပါသည်။ ယခင်က မိုးကြိုပဲတီစိမ်းခင်းများတွင်သာ ၎င်းရောဂါကျရောက်တတ်လေ့ရှိပြီး ယခုတွင်မူ မိုးပဲတီစိမ်းခင်းများ၌လည်း ကျရောက်လာသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ် သူများအတွက် အဝါရောင်မိုစေ့ရောဂါဒဏ်ခံ ပဲတီစိမ်းမျိုးများ ထုတ်လုပ်ပေးနိုင်ရေးသည်လည်း မရေးကြီးလာပါသည်။ သို့ဖြစ်ပါသောကြောင့် အဝါရောင်မိုစေ့ ရောဂါဒဏ်ခံနိုင် ရည်ရှိသော မျိုးသစ်လိုင်းများ ဖော်ထုတ်နိုင်ရန်အတွက် မျိုးကူးစပ်၍ သားဆက်အဆင့်ဆင့် မွေးမြူရွေးချယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

မျိုးစပ်အတွဲများ

F_1–(၁တွဲ)

1.ရေဆင်း–၁×YM–15–4–13

ရည်ရွယ်ချက်

အစေ့ကြီးအထွက်ကောင်းအဝါရောင်မိုစေ့ရောဂါဒဏ်ခံပဲတီစိမ်းမျိုးများရရှိရန်

F_2–(၂တွဲ)

1.ရေဆင်း–၁×ရေဆင်း–၁၁

2.ရေဆင်း–၁×ရေဆင်း–၁၄

ရည်ရွယ်ချက်

အဝါရောင်မိုစ့ဈရောဂါဒဏ်ခံအထွက်ကောင်းပဲတီစိမ်းမျိုးများရရှိရန်။

F_3-(၃တွဲ)

1.ဇွတ်ကလေး×ရေဆင်း-၁၁

2.ရေဆင်း-၉×ရေဆင်း-၁၁

3.MAS-1× ရေဆင်း-၁၁

၃။ရည်ရွယ်ချက်

အစ့ေကြီးအထွက်ကောင်းအဝါရောင်မိုစ့ဈရောဂါဒဏ်ခံပဲတီစိမ်းမျိုးများရရှိရန်။

၄။ဆောင်ရွက်မည့်ကာလ-၂၀၂၀ခုနှစ်

၅။ဆောင်ရွက်ချက်များ

(က)ယခုဆောင်ရွက်သည့်ရာသီ-၂၀၂၀ခုနှစ်၊မိုးရာသီ

(ခ)တာဝန်ယူဆောင်ရွက်သည့်နှ်ထမ်း-ဒေါ်ဝင်းဝင်းမာ

(ဂ)စိုက်ရက်-၂၉.၅.၂၀

(ဃ)စိုက်နည်းစနစ်

၂၉.၅.၂၀ နေ့တွင်စိုက်ပျိုးခဲ့ပြီး F_2သားဆက်နှင့်F_3သားဆက်လိုင်းများကို တန်းကြား× ပင်ကြား (၁၅"×၄")ထားစိုက်ပျိုး၍ F_1သားဆက်လိုင်းများကိုမူ တန်းကြား× ပင်ကြား (၁၅"×၈")ထား၍စိုက်ပျိုးခဲ့ပါသည်။ မစိုက်ပျိုးမီ ထွန်စက်ဖြင့် ထယ်(၁)စပ်၊ ထွန်(၁)စပ် မွေပြီးနွားထွန်ဖြင့်ကြောင်းဆွဲ၍စိုက်ပျိုးခဲ့ပါသည်။

၁၂.၆.၂၀ နေ့တွင်နွားထွန်ဖြင့်ကြောင်းဖောက်ခဲ့ပါသည်။

၂၅.၆.၂၀ နေ့တွင်ပထမအကြိမ်ပေါင်းထိုးသားခွဲခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

၃၀.၆.၂၀ နေ့တွင်ပင်ပျိုဟော်မုန်းဆေး၂-၃စီစီ/ဂါလံန္ရန်းပက်ဖျန်းခဲ့ပါသည်။

၅.၇.၂၀ နေ့တွင်BIOMER30-12-12 ရွက်ဖျန်းမြေဩဇာမှုန့် ဟင်းစားဇွန်းတစ်ဇွန်း(၁၀ဂရမ်)/ ဂါလံ နှုန်းနှင့်လာဘီလိုက် ၇၀%WP၅ဂရမ်/ဂါလံန္ရန်းပက်ဖျန်းခဲပါသည်။

၁၂.၇.၂၀ နေ့တွင်K-tonic(Nutrient Update Promoter)16CC/galန္ရန်းနှင့်လာဘီလိုက် ၇၀% WP၅g/galန္ရန်းပက်ဖျန်းခဲပါသည်။

၁၉.၇.၂၀ နေ့တွင်ပီဂျီအာဟော်မုန်းအားဆေးနှင့်နူရယ်ဒီ505EC200cc/ac နှုန်းပက်ဖျန်းခဲ့ပါသည်။

(c)မြေပြင်စဉ်Urea28lb/acၤတီစူပါ၁၂lb/acၤပိုတက်ရှ်၅၆Lb/acတို့ကိုထည့်သွင်းအသုံးပြုခဲ့ပါသည်။

(စ)ကောက်ယူခဲ့သောမှတ်တမ်းများ

၁။အပင်ပေါက်စုံရက်

၂။ပန်းစပွင့်ရက်

၃။၅၀%ပန်းဖြိုင်ရက်

၄။ရင့်မှည့်ရက်တို့ကိုမှတ်တမ်းကောက်ယူခဲ့ပါသည်။

(ဆ)မှတ်တမ်းကောက်ယူခဲ့သည့်ရက်စွဲများ

၂.၆.၂၀မှ၃.၆.၂၀ထိ	အပင်ပေါက်စုံရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၅.၇.၂၀မှ၁၃.၇.၂၀ထိ	ပန်းစတင်ပွင့်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၁၉.၇.၂၀မှ၂၈.၇.၂၀ထိ	၅၀%ပန်းဖြိုင်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၇.၈.၂၀မှ၁၄.၈.၂၀ထိ	ရင့်မှည့်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။

၆။တွေ့ရှိချက်

ရေဆင်း-၁မျိုးကို အမလိုင်းအဖြစ်ထားရှိပြီး မျိုးကူးစပ်ခဲ့သော သားဆက်လိုင်းများတွင် သီးတောင့် အရောင် ကောက်ရိုးအရောင် (အဝါဖျော့)နှင့် အသီးအရောင်(အနက်ရောင်)၂မျိုး တွေ့ရှိရသဖြင့် သိမ်းဆည်းရာတွင် အရောင်သီးသန့်စီ ခွဲခြားသိမ်းဆည်းခဲ့ပါသည်။ Bulk Method ဖြင့် သိမ်းဆည်းခဲ့ ပါသည်။

F_3 သားဆက်အတွဲများဖြစ်ကြသည့် ဇွတ်ကလေး×ရေဆင်း-၁၁ ၊ရေဆင်း-၉×ရေဆင်း-၁၁၊ MAS-1×ရေဆင်း-၁၁ အတွဲများမှာ အသက်လျှင်ပြီး အသီးတင်မှုလည်း ကောင်းသည်ကို တွေ့ရှိရ ပါသည်။သားဆက်လိုင်းများအားလုံး Bulk Method ဖြင့် သိမ်းဆည်းခဲ့ ပါသည်။

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

လာမည့်၂၀၂၁ခုနှစ်မိုးရာသီတွင်သားဆက်လိုင်းများအားလုံးဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး F_4 သားဆက်အဆင့်ရောက်ရှိမည့် သားဆက်လိုင်းများကို သိမ်းဆည်းရာတွင် တစ်ပင်ခြင်းရွေးချယ်၍တစ်ပင်တစ်အိပ်သိမ်းခြင်းစနစ်အတိုင်းသိမ်းဆည်းသွားပါမည်။

အဝါရောင်မိုစေ့ရောဂါဒဏ်ခံအထွက်ကောင်းပဲတီမျိုးများသရုပ်ပြကွက်စိုက်ပျိုးပြသခြင်း(၇မျိုး×၁လှီ)

၁။ Program – I, Project – No.3, Activity – 3

၂။နိဒါန်း

မြန်မာနိုင်ငံတွင်စပါးသီးနှံပြီးလျှင် ပဲမျိုးစုံသီးနှံသည် ဒုတိယအရေးပါသော သီးနှံတစ်ခု ဖြစ်ပါသည်။ ပဲမျိုးစုံသီးနှံသည် လူနှင့်တိရိတ္ဆာန်အတွက် protein ဓာတ်ပေးသကဲ့သို့ ပဲမျိုးစုံ စိုက်ပျိုးသော မြေအတွက်Nniterogen ဓာတ်ပါဝင်မှုကို တိုးပွားစေပါသည်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုများအနက် ပဲတီစိမ်းသီးနှဲသည်လည်း စိုက်ပျိုးထုတ်လုပ်မှုများသော သီးနှံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းပဲတီစိမ်းစိုက်ဧကမှာ(1240,000ha,MOAI 2018)ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်းစိုက်ဧကမှာ(475488) ဧက ဖြစ်ပါသည်။(www.mdn.gov.mm မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးဦးစီးဌာန, 2020)

ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရာတွင် ကျရောက်တတ်လေ့ရှိသော ရောဂါများအနက် အဝါရောင်မိုစေ့ရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ၎င်းရောဂါကျရောက်ပါက ရောဂါပြင်းထန်မှုပေါ်မူ တည်၍ အထွက်နှုန်းဆုံးရှုံးမှုဖြစ်စေပါသည်။ ထို့ကြောင့် အဝါရောင်မိုစေ့ရောဂါကျရောက်မှုကို ခုခံကာကွယ်နိုင်ရန်အတွက် အဝါရောင်မိုစေ့ရောဂါဒဏ်ခံ ပဲတီစိမ်းမျိုးများ ရှာဖွေဖော်ထုတ်နိုင်ရန် ယခုစမ်းသပ်ချက်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၃။ရည်ရွယ်ချက် –အဝါရောင်မိုစေ့ရောဂါဒဏ်ခံပဲတီစိမ်းမျိုးများရရှိရန်ဖြစ်ပါသည်။

၄။ဆောင်ရွက်မည့်ကာလ–၂၀၂၀ခုနှစ်

၅။ဆောင်ရွက်ချက်များ

(က)ယခုဆောင်ရွက်သည့်ရာသီ–၂၀၂၀ခုနှစ်၊မိုးရာသီ

(ခ)တာဝန်ယူဆောင်ရွက်သည့်ဝန်ထမ်း–ဒေါ်ဝင်းဝင်းမာ

(ဂ)စိုက်ရက်–၂၉.၅.၂၀

(ဃ)အကြိမ်–ပထမ

(င)စမ်းသပ်ကွက်ပုံစံ–(၇မျိုး×၁လှီ)SimpleTrial

(စ)စမ်းသပ်ကွက်အရွယ်–၅၀'×၁၂.၅'

(ဆ)စမ်းသပ်သည့်မျိုးများ

၁။ YM–15–7–2

၂။ YM–15–7–3

၃။ YM–15–7–7

၄။ YM–15–1–1

၅။ Yezin–11(ck)

၆။ Yezin–14(ck)

၇။ Yezin–14(ck)

(ဇ)စိုက်နည်းစနစ်

၂၉.၅.၂၀ နေ့တွင်တန်းကြား×ပင်ကြား(၁၅"×၄")ထားစိုက်ပျိုး၍ စိုက်ပျိုးခဲ့ပါသည်။ မစိုက်ပျိုးမီ ထွန်စက်ဖြင့် ထယ်(၁)စပ်၊ ထွန်(၁)စပ် မွှေပြီးနွားထွန်ဖြင့်ကြောင်းဆွဲ၍စိုက်ပျိုးခဲ့ပါသည်။

၁၂.၆.၂၀ နေ့တွင်နွားထွန်ဖြင့်ကြောင်းဖောက်ခဲ့ပါသည်။

၂၅.၆.၂၀ နေ့တွင်ပထမအကြိမ်ပေါင်းထိုးသားခွဲခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

၃၀.၆.၂၀ နေ့တွင်ပင်ပျိုဟော်မုန်းဆေး၂-၃စီစီ/ဂါလံနှုန်းပက်ဖျန်းခဲ့ပါသည်။
နွားထွန်ဖြင့်ဘောင်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

၅.၇.၂၀ နေ့တွင်BIOMER30–12–12 ရွက်ဖျန်းမြေဩဇာမှုန့်ဟင်းစားဇွန်းတစ်ဇွန်း(၁၀ဂရမ်)/ ဂါလံနှုန်းနှင့်လာဘီလိုက် ၇၀%WP၅ဂရမ်/ဂါလံနှုန်းပက်ဖျန်းခဲပါသည်။

၁၂.၇.၂၀ နေ့တွင်K–tonic(Nutrient Update Promoter)16CC/galနှုန်းနှင့်လာဘီလိုက် ၇၀%WP၅g/galနှုန်းပက်ဖျန်းခဲပါသည်။

၁၉.၇.၂၀ နေ့တွင်ဝီဂျီအာဟော်မုန်းအားဆေးနှင့်နူရယ်ဒီ505EC200cc/ac နှုန်းပက်ဖျန်းခဲ့ပါသည်။

(ဈ)မြေပြင်စဉ် Urea28lb/ac၊ တီစူပါ၁၁၂lb/ac၊ ပိုတက်ရှ်၅၈Lb/ac တို့ကို ထည့်သွင်းအသုံးပြု ခဲ့ပါသည်။

(ည)ကောက်ယူခဲ့သောမှတ်တမ်းများ

၁။	အပင်ပေါက်စုံရက်	၈။	တစ်ပင်ပါအောင်တောင့်
၂။	ပန်းစပွင့်ရက်	၉။	တစ်တောင့်ပါအစေ့
၃။	၅၀%ပန်းဖြိုင်ရက်	၁၀။	အစေ့(၁၀၀)အလေးချိန်(ဂရမ်)
၄။	ရင့်မှည့်ရက်	၁၁။	(၁၀)ပက်ထွက်(ဂရမ်)
၅။	ရိတ်သိမ်းအပင်ဦးရေ	၁၂။	အကွက်ထွက်(ဂရမ်)
၆။	အပင်အမြင့်(cm)	၁၃။	တစ်ဧကအထွက်(တင်း)
၇။	သီးကိုင်းစု		

မြေအမျိုးအစား – သဲဆန်သောမြေ

ရေအရည်အသွေး – ယခုစိုက်ပျိုးခဲ့သော စမ်းသပ်ချက်သည် သီးနှံရာသီတလျှောက် ရွာသွန်းသော မိုးရေကိုသာအသုံးပြုခဲ့ပါသည်။

မိုးရွာရက် –(၁၈)ရက်

မိုးရေချိန် – (၇.၆၁)လက္ခ

ယခုစမ်းသပ်ချက်ကို(၂၉.၅.၂၀)နေ့တွင် စိုက်ပျိုးခဲ့ပြီး စမ်းသပ်ကွက်မစိုက်ပျိုးမီ (၂၈.၅.၂၀) နေ့တွင် မိုးရေချိန်(၀.၅)လက္ခရရှိမှုဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။အပင်ပေါက်စုံပြီး ပင်ပိုင်းကြီးထွားမှုအဆင့်တွင် မိုးရေချိန်(၂.၅၄)လက္ခရရှိခဲ့ပြီး စုစုပေါင်းမိုးရွာရက်(၂)ရက် သာရရှိခဲ့ပြီး စုစုပေါင်းမိုးရွာရက်မှာ(၅)ရက်ဖြစ်ပါသည်။ ပန်းစတင်ပွင့်ချိန်တွင် မိုးရွာရက်(၂)ရက်သာရရှိခဲ့ပြီး စုစုပေါင်းမိုးရေချိန် (၁.၁၈)လက္ခဖြစ်ပါသည်။ သီးနှံပင်သက်တမ်း(၃၉)ရက်မှစ၍ (၅၁)ရက်သားအထိ စုစုပေါင်း(၁၃)ရက်ကြာ မိုးပြတ်လပ်မှုနှင့်ကြုံတွေ့ခဲ့ရပြီး ၎င်းအချိန်တွင် ရေဆင်း–၁၁မျိုးနှင့် ရေဆင်း–၁၄ မျိုး(၂)မျိုးသာ ပန်းဖြိုင်သည်ကိုတွေ့ရပါသည်။ သီးနှံသက်တမ်းတလျှောက်ရရှိခဲ့သော စုစုပေါင်းမိုးရွာရက်မှာ(၁၈)ရက်ဖြစ်ပြီး မိုးရေချိန်(၇.၆)လက္ခဖြစ်ပါသည်။

(၄)မှတ်တမ်းကောက်ယူခဲ့သည့်ရက်စွဲများ

၂.၆.၂၀မှ၃.၆.၂၀ထိ	အပင်ပေါက်စုံရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၃၀.၆.၂၀မှ၁၁.၇.၂၀ထိ	ပန်းစတင်ပွင့်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၂၈.၆.၂၀မှ၂၁.၇.၂၀ထိ	မျိုးအလိုက် ၅၀%ပန်းဖြိုင်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၂၇.၇.၂၀မှ၅.၈.၂၀ထိ	မျိုးအလိုက် ရင့်မှည့်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
၅.၈.၂၀မှ၂၁.၈.၂၀ထိ	ရင့်မှည့်မျိုးလိုင်းများသိမ်းဆည်းပြီး(၁၀)ပင်ဒေတာမှတ်တမ်းများယူခဲ့ပါသည်။
၃၀.၈.၂၀မှ၃၁.၈.၂၀ထိ	အစေ့(၁၀၀)အလေးချိန်၊(၁၀)ပင်အထွက်နှင့်အကွက်ထွက်အစေ့အလေးချိန်များချိန်တွယ်၍မှတ်တမ်းဒေတာများယူခဲ့ပါသည်။

၆။တွေ့ရှိချက်ဇယားနှင့်ဖော်ပြချက်များ

စဉ်	မျိုးအမည်	တစ်ပင်ပါအောင်တောင့်	တစ်တောင့်ပါအစေ့	အစေ့၁၀၀အလေးချိန် (gm)	တစ်ဧကအထွက် (တင်း)	အထွက်ပို %
၁	YM-15-7-2	6	7	7.2	3.0	
၂	YM-15-7-3	9	7	6.5	2.6	
၃	YM-15-7-7	7	7	7.2	6.8	54.5
၄	YM-15-1-1	8	4	7.8	8.6	95.5
၅	Yezin-11(ck)	8	7	6.1	6.4	
၆	Yezin-14(ck)	7	8	7.0	9.7	
၇	Yezin-14(ck)	5	8	6.5	4.4	
	Mean	**7.1**	**7.4**	**6.9**	**5.9**	
	SD	**1.3**	**0.5**	**0.6**	**2.7**	

အဝါရောင်မိုစ့ဇ်ရောဂါဒဏ်ခံအထွက်ကောင်းပဲတီစိမ်းမျိုးများ သရုပ်ပြစိုက်ပျိုးပြသခြင်း(၇မျိုး× ၁လှီ) Simple Trialမကွေးခြံ

စိုက်ရက်-၂၉-၅-၂၀၂၀ (မိုးရာသီ)၊ ရိတ်သိမ်းသည့်အကွက်အရွယ်-(၁၅'×၇.၅') သိမ်းရက်-၃၁-၇-၂၀၂၀

မိုးရွာရက်-(၁၈)ရက်၊ မိုးရေချိန်-(၇.၆၁)လက္ခ

စဉ်	မျိုးအမည်	အပင်ပေါက်စုံရက်	ပန်းစပွင့်ရက်	၅၀% ပန်းပွင့်ရက်	သိမ်းပင်	ရင့်မှည့်ရက်	အပင်အမြင့် (cm)	သီးကိုင်းစု	တပင်ပါအောင်တောင့်	တတောင့်ပါအစေ့	အစေ့ (၁၀၀) အလေးချိန်(g)	(၁၀)ပင်အထွက် (g)	အကွက်ထွက်ပေါင်း (g)	တစ်ကေအထွက် (တင်း)
1	YM-15-7-2	5	37	47	87120	63	34.6	4	6	7	7.2	20.2	1428.2	3.0
2	YM-15-7-3	5	37	46	87120	63	39.5	4	9	7	6.5	26.4	1239.9	2.6
3	YM-15-7-7	5	38	47	97574	64	45.7	4	7	7	7.2	30.5	3172.8	6.8
4	YM-15-1-1	5	37	46	97579	62	37.1	4	8	4	7.8	37.2	4026.2	8.6
5	Yezin-11(ck)	5	32	40	94089	59	33.4	4	8	7	6.1	20.5	3020.8	6.4
6	Yezin-14(ck)	5	34	43	99755	61	34.9	4	7	8	7.0	27.1	4569.3	9.7
7	Yezin-14(ck)	5	43	53	97505	67	46.0	3	5	8	6.5	20.0	2073.5	4.4
	Mean								**7.1**	**7.4**	**6.9**	**26.0**	**2790.1**	**5.9**
	SD								**1.3**	**0.5**	**0.6**	**6.4**		**2.7**

တွေ့ရှိချက်

ယခုစမ်းသပ်ချက်တွင် စံထားမျိုးရေဆင်း-၁၄ထက် အထွက်နှုန်းပိုသော မျိုးလိုင်း(၂)လိုင်း တွေ့ရှိရပါသည်။ ၎င်းမျိုးလိုင်းများမှာ YM-15-7-7 နှင့် YM-15-1-1 တို့ဖြစ်ပါသည်။ရေဆင်း-၁ (စံထားမျိုး)မှာ တစ်ဧက(၄.၄တင်း)သာထွက်ရှိခဲ့ပြီး YM-15-7-7မျိုးလိုင်းမှာ တစ်ဧက(၆.၈တင်း) ထွက်ရှိ၍ YM-15-1-1 မျိုးလိုင်းမှာတစ်ဧက(၈.၆တင်း)ထွက်ရှိသည်ကိုတွေ့ရှိရပါသည်။ YM-15-7-7 နှင့် YM-15-1-1မျိုးလိုင်း တို့မှာ ယခင်နှစ်(၂၀၁၉ခုနှစ်။မိုးရာသီ) ဒေသအဆင့် အထွက်ယှဉ်ပြိုင် စမ်းသပ်ခြင်း အဆင့်တွင်လည်းစံထားမျိုးရေဆင်း-၁ ထက် အထွက်ပိုသည်ကို တွေ့ရပါသည်။ ၎င်း အပြင် YM-15-7-7 နှင့် YM-15-1-1 မျိုးလိုင်းတို့သည် စံထားမျိုးရေဆင်း- ၁ ထက် တစ်ပင်ပါ အောင်တောင့်၊ တစ်တောင့်ပါအစေ့၊ အစေ့(၁၀၀)အလေးချိန်၊ (၁၀)ပင်အထွက်နှင့် အကွက်ထွက် တို့တွင် လည်း ပိုမိုသည်ကို တွေ့ရှိရပါသည်။

ယခု စမ်းသပ်ကွက်ကို (၂၉.၅.၂၀)နေ့တွင် စိုက်ပျိုးခဲ့ပြီး စမ်းသပ်ကွက်မစိုက်မီ ရှေ့ရက် (၂၈.၅.၂၀)ရက်နေ့တွင် မိုးရေချိန်(၀.၅)လက္ခရရှိခဲ့သော်လည်း စိုက်ပျိုးသည့်ရက်မှစ၍ (၇.၆.၂၀) ရက် နေ့အထိ ၁၀ရက်ကြာကာလတိုင်အောင် မိုးရွာသွန်းမှု ပြတ်လပ်ခဲ့ခြင်းနှင့် ကြုံတွေ့ခဲ့ရပါသည်။ အပင်ပေါက် အခြေအနေကောင်းမွန်ခဲ့သော်လည်း ပန်းစတင်ပွင့်မည့်ကာလတွင်(၁၁)ရက်ခန့် တစ်ဖန် မိုးပြတ်လပ်မှုနှင့်ကြုံတွေ့ခဲ့ရပါသည်။ အပင်သက်တမ်း(၄၀)ရက်ကျော် ပန်းဖြိုင်ချိန်ကာလ တိုင်လည်း (၁၂)ရက်ကြာ မိုးပြတ်လပ်မှုနှင့် ထပ်မံကြုံတွေ့ခဲ့ရ၍ တစ်ဧကအထွက်တင်းနဲသော မျိုးလိုင်းများမှာ အပင်ဦးရေကောင်းမွန်ခဲ့သော်လည်း အပင်အများစုတွင် အသီးတင်မှုနည်းပါးခဲ့ သည်ကို တွေ့ရှိခဲ့ရပါသည်။

၇။သုံးသပ်ချက်

စမ်းသပ်လေ့လာတွေ့ရှိချက်အရ YM-15-7-7 နှင့် YM-15-1-1မျိုးလိုင်းတို့သည် တစ်ပင်ပါ အောင်တောင့်နှင့် တစ်တောင့်ပါအစေ့တို့တွင် သင့်တင့်ခြင်း၊ အစေ့(၁၀၀)အလေးချိန်၊ (၁၀)ပင်ထွက်၊ အကွက်ထွက်နှင့် တစ်ဧကအထွက်တင်းတို့တွင် ကျန်စမ်းသပ်မျိုးလိုင်းများထက် ပိုမိုခြင်းတို့ကြောင့် ဖော်ပြပါ မျိုးလိုင်း(၂)လိုင်းသည် အလားအလာကောင်းသော မျိုးလိုင်းများဖြစ်မည်ဟု သုံးသပ်ရ ပါသည်။

Reference

1.MOALI(Ministry of Agriculture, Livestock and Irrigation).2018.Myanmar Agriculture of Glance. Department of Agricultural Planning.

2.w.w.w.mdn.gov.mm)…2020.မကွေးတိုင်းဒေသကြီး၊စိုက်ပျိုးရေးဦးစီးဌာန

ပတ်လည် မျိုးကူးစပ်ခြင်းမှ ရရှိလာသော ဗီဇ ငြိမ်သားဆက်လိုင်းများ၏သီးနှံ ဖြစ်ထွန်းမှုအား လေ့လာခြင်း

၁။ Program – I, Project – No.5, Activity – 7

၂။ နိဒါန်း

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံ နှစ်စဉ်စိုက်ကေ စုစုပေါင်း(၁၁.၄၅)သန်းခန့် စိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်းသီးနှံသည်(၂၆%) စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်ဟု သိရှိရပါသည်။ ပဲမျိုးစုံသီးနှံများအနက် ပဲသီးစိမ်းသီးနှံသည်လည်း အဓိကအရေးပါသော သီးနှံတစ်မျိုးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပဲတီစိမ်းသီးနှံကို မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး နှင့် မကွေးတိုင်း ဒေသကြီးတို့တွင် အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စပါးအပြီးသီးထပ် စိုက်ပျိုးလျက် ရှိသည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ပဲတီးစိမ်းသီးနှံတစ်ကေ ပန်းတိုင်အထွက်နှုန်းမှာ၂၀တင်း/ကေဖြစ်သော်လည်း ပျမ်းမျှ အထွက်မှာ (၁၃တင်း/ကေ)ခန့်သာ ထွက်ရှိသည်ဟုသိရပါသည်။ ၎င်းအကြောင်းအရာများတွင် သီးနှံမျိုးတစ်မျိုးတည်းကို နှစ်စဉ်စိုက်ပျိုးခြင်းသည်လည်း အထွက်နှုန်းလျော့နည်း လာစေပါသည်။ ထို့ကြောင့် မျိုးသစ်များရရှိရန် လိုအပ်သောကြောင့် ဤစမ်းသပ်ချက်ကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

၃၊ရည်ရွယ်ချက်

သက်လျှင်မျိုးကူးစပ်ခြင်းမှရရှိလာသော ဗီဇငြိမ်သားဆက်လိုင်းများ၏ သီးနှံဖြစ်ထွန်းမှုအား လေ့လာခြင်း

၄။ဆောင်ရွက်မည့်ကာလ-၂၀၁၉-၂၀၂၀

၅။ဆောင်ရွက်ချက်များ

(က)	ယခုဆောင်ရွက်သည့်ခုနှစ်၊ရာသီ	-	၂၀၂၀ခုနှစ်၊မိုးရာသီ
(ခ)	တာဝန်ယူဆောင်ရွက်သည့်ဝန်ထမ်း	-	ဒေါ်မြင့်မြင့်သိန်း
(ဂ)	စိုက်ရက်	-	၁၀ - ၈ - ၂၀၂၀
(ဃ)	အကြိမ်	-	ပထမ
(င)	စမ်းသပ်ကွက်ပုံစံ	-	(၉×၃) လီ၊RCB
(စ)	စမ်းသပ်ကွက်အရွယ်	-	၁၅'×၅'
(ဆ)	စမ်းသပ်သည့်မျိုးများ		

1.Yezin–14×MAS–1(# #2–1#)
2. Yezin–14×MAS–1(# #5–5#)
3.Yezin–14×MAS–1(# #9–2#)
4.Yezin–14×CN–72(# #5–4#)
5. Yezin–11×China(# #2–3#)
6. Yezin–11×China(# #2–1#)
7.Yezin–11(C_1)
8. Yezin–14(C_2)
9.MAS–1(C_3)

(ဇ) စိုက်နည်းစနစ်

ဤစမ်းသပ်ချက်ကို (၃.၈.၂၀၂၀ မှ၇.၈.၂၀၂၀)ထိ ရွာသွန်းသော မိုးရေချိန်(၃.၀၂)လက္ခ၊ မိုးရွာရက်(၄)ရက်ဖြင့် (၁၀.၈.၂၀၂၀)နေ့တွင် စိုက်ပျိုးခဲ့ပါသည်။စိုက်ပျိုးချိန်တွင် ထွန်စက်ဖြင့် ၁၆သွား တစ်စပ်မောင်းခြင်း၊ အမှိုက်ကောက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ မြေခံအဖြစ် ယူရီးယား၂၈ပေါင်၊ တီစူပါ၁၁ပေါင်၊ ပိုတက်ရှ်၂၈ပေါင်/၈ကန့်း ထည့်သွင်းခဲ့ပါသည်။ နွားထွန်ဖြင့် စိုက်ကြောင်းဆွဲခြင်း၊ ပေကြိုးဖြင့် လေဘယ်တိုင်များ အသုံးပြု၍ စမ်းသပ်ကွက်ရိုက်ခြင်း၊ စမ်းသပ်သည့်မျိုးများကို မြေပုံပါ အတိုင်း စိုက်ပျိုးခြင်း ဆောင်ရွက်ခဲ့ပါသည်။

စမ်းသပ်ချက်များအားလုံး အပင်ပေါက်စုံပြီးနောက် (၁၉.၈.၂၀၂၀)နေ့တွင် ကြောင်းဖောက်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ အပင်ပြုစုခြင်းအနေဖြင့် ပေါင်းထိုးသားခွဲခြင်းလုပ်ငန်းကို (၁.၉.၂၀၂၀) နေ့တွင် ဆောင်ရွက်ပြီး ပေါင်းမြက်များကို ကင်းစင်အောင်ကောက်ခြင်းတို့ တပြိုင်တည်း ဆောင်ရွက်ပါသည်။ ထို့နောက် ဘောင်တင်ခြင်းလုပ်ငန်းကို (၂.၉.၂၀၂၀)နေ့တွင် ဆောင်ရွက်ပါသည်။ ဘောင်တင်ပြီးနောက် စူပါတင်ရွက်ဖျန်းမြေဩဇာအရည်ဖျန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။ (၈.၉.၂၀၂၀) နေ့တွင် လာဘီလိုက် (၇၀%)ရေဖျော်ဆေးမှုန့်ဖျန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

ရိတ်သိမ်းခြင်းလုပ်ငန်းကို စမ်းသပ်သည့်မျိုးများအလိုက် (၆.၁၀၂၀၂၀)နေ့မှ (၁၂.၁၀.၂၀၂၀) နေ့ထိ ဆောင်ရွက်ခဲ့ပါသည်။ (၁၄.၁၀.၂၀၂၀မှ ၁၅.၁၀.၂၀၂၀) နေ့ထိ မျိုးစေ့ထုပ်များ နေလှမ်းခြင်း၊ ထုခြင်းနှင့်ပြာတီးသန့်စင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီး (၅.၁၁.၂၀၂၀)နေ့တွင် မျိုးစေ့များ ချိန်တွယ်ခြင်း၊မှတ်တမ်းယူခြင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။

(စျ) မြေသြဇာနှုန်းထား- ယူရီးယား၂၈ပေါင်၊တီစူပါဝ၁ပေါင်၊ပိုတက်ရှ်၂၈ပေါင်/ဧက

(ည) ကောက်ယူသည့်မှတ်တမ်းများ

- ၅၀% အပင်ပေါက်စုံရက်
- ၅၀%ပန်းစပွင့်ရက်
- ရင့်မှည့်ရက်
- ရိတ်သိမ်းချိန်အပင်ဦးရေ
- အပင်အမြင့် (cm)
- တစ်ပင်ပါသီးကိုင်း
- သီးကိုင်းစု
- တစ်ပင်ပါအောင်တောင့်
- တစ်တောင့်ပါအစေ့
- အစေ့(၁၀၀)အလေးချိန်(ဂရမ်)
- ၅ ပင် အထွက် (ဂရမ်)
- အကွက်ထွက် ပေါင်း(ဂရမ်)
- တစ်ဧကအထွက်(တင်း)

မြေအမျိုးအစား - သဲဆန်သောမြေ

ရေအရည်အသွေး - ဤစမ်းသပ်ချက်တွင် သီးနှံသက်တမ်းတလျှောက် ရွာသွန်းသော မိုးရေကိုသာ အသုံးပြုခဲ့ပါသည်။

မိုးရွာရက် -(၂၀)ရက်

မိုးရေချိန် -၁၁.၆လက္ခ

(ဋ္ဌ) မှတ်တမ်းယူခဲ့သည့်ရက်စွဲများ

- ၁၀.၈.၂၀ နေ့တွင်စိုက်ပျိုးခဲ့ပါသည်။
- ၁၄.၈.၂၀ နေ့တွင် ၅၀% အပင်ပေါက်စုံရက်ကောက်ယူခဲ့ ပါသည်။
- ၈.၉.၂၀မှ ၁၄.၉.၂၀ နေ့တွင်၅၀%ပန်းပွင့်ရက်ကိုစမ်းသပ်သည့်မျိုးများအလိုက် မှတ်တမ်း ကောက်ယူပါသည်။
- ၆.၁၀.၂၀မှ ၁၂.၁၀.၂၀ထိရင့်မှည့်ရက်များကိုမျိုးများအလိုက်မှတ်တမ်းကောက်ယူခြင်း စမ်းသပ်ကွက်သိမ်းခြင်း၊၁၀ပင်နမူနာအပင်များမှတ်တမ်းရယူခဲ့ပါသည်။
- ၁၄.၁၀.၂၀မှ ၁၅.၁၀.၂၀ထိ ထိပြောတီးသန့်စင်နေလှမ်းခြင်းပြုလုပ်ပါသည်။
- ၅.၁၁.၂၀ နေ့တွင်ချိန်တွယ်ပြီးမှတ်တမ်းယူခဲ့ပါသည်။

၆။တွေ့ရှိချက်ချက်နှင့်ဖော်ပြချက်များ

စဉ်	မျိုးအမည်	တစ်ပင်ပါ အောင်တောင့်	တစ်တောင့်ပါ အစေ့	အစေ့(၁၀၀) အလေးချိန် (g)	အကွက်ထွက်ပေါင်း (g)	တစ်ဧကအထွက် (တင်း)	အထွက်ပို %
1	Yezin–11×China(# #2–3#)	19	11	4.9	1124.4	20.0	6.3
2	Yezin–11×China(# #2–1#)	16	11	5.4	995.6	17.7	–
3	Yezin–14×MAS–1(# #2–1#)	15	9	6.1	985.0	17.5	–
4	Yezin–14×MAS–1(# #9–2#)	18	10	5.8	978.8	17.4	–
5	Yezin–14×CN–72(# #5–4#)	15	10	4.9	981.1	17.4	–
6	Yezin–14×MAS–1(# #5–5#)	16	10	5.9	973.8	17.3	–
7	Yezin–11(C_1)	15	11	4.9	692.9	12.3	
8	Yezin–14(C_2)	19	9	5.1	929.4	16.5	
9	MAS–1(C_3)	17	10	5.0	1056.4	18.8	
	Mean	17	10	5.3	968.6	17.2	
	F–test	**				**	
	CV%	6.7				9.3	
	$LSD_{(0.05)}$	2.0				2.9	
	$LSD_{(0.01)}$	2.9				4.1	

Data Analysis

Yield Trial–Statisitix–8

၇။သုံးသပ်ချက်နှင့်အကြံပြုချက်

ဤစမ်းသပ်ချက်ကို စံထားမျိုးအဖြစ်Yezin–11,Yezin–14 နှင့်MAS–1 မျိုးများကို အသုံးပြု၍ (၁၀.၈.၂၀၂၀)နေ့တွင်စိုက်ပျိုးခဲ့ပါသည်။စံထားမျိုး Yezin–11မျိုး သည် ပန်းပွင့်ရက်စောပြီး အသက်ရက် (၅၈)ရက်ရှိသော်လည်း အထွက်နှုန်းအနေဖြင့် (၁၂.၃တင်း/ဧက)ထွက်ရှိပြီး အထွက်နှုန်းအနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ကျန်စံထားမျိုးများဖြစ်သည့် MAS–1 မျိုး၏ အထွက်နှုန်းမှာ(၁၈.၈တင်း/ဧက)နှင့် Yezin–14မျိုး သည်(၁၆.၅တင်း/ဧက)ထွက်ရှိသည်ကို တွေ့ရပါသည်။

ယခုနှစ် စမ်းသပ်တွေ့ရှိချက်အရ ဗီဇငြိမ်သားဆက်လိုင်းများ၏ အစေ့(၁၀၀) အလေးချိန်သည် စံထားမျိုးများထက် သာလွန်သည်ကို တွေ့ရှိရပါသည်။ အထွက်နှုန်းအနေဖြင့် စံထားမျိုး Yezin—11 ထက် အထွက်နှုန်းသာလွန်သော်လည်း ကျန်စံထားမျိုးများဖြစ်သည့် Yezim–14နှင့် MAS–1 တို့နှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းကွာခြားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။သို့သော်ဗီဇငြိမ် သားဆက် လိုင်းများသည်အစေ့(၁၀၀)အလေးချိန်နှင့် တစ်ပင်ပါအောင်တောင့်အရေအတွက် သင့်တင့် ကောင်းမွန်ခြင်းကြောင့်အလားအလာကောင်းသော သားဆက်လိုင်းများဖြစ်မည်ဟုသုံးသပ်မိပါသည်။နောက်နှစ် (၂၀၂၁)ခုနှစ်တွင် ဆက်လက်စမ်းသပ်သင့်သည်ဟု အကြံပြုတင်ပြအပ်ပါသည်။

၈။ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

ဤစမ်းသပ်ချက်သည် ပထမအကြိမ်စမ်းသပ်ခြင်းဖြစ်သောကြောင့် (၂၀၂၁)ခုနှစ်တွင် ဆက်လက်စမ်းသပ်သွားမည်ဖြစ်ပါသည်။

ပတ်လည် မျိုးကူးစပ်ခြင်းမှ ရရှိလာသော ဗီဇ ငြိမ်သားဆက်လိုင်းများ၏သီးနှံ ဖြစ်ထွန်းမှုအား

လေ့လာခြင်း စိုက်ရက်-၁၀-၈-၂၀၂၀ (မိုးရာသီ)၊ ရိတ်သိမ်းသည့်အကွက်အရွယ်-(၁၅'×၅') သိမ်းရက်-၆-၁၀-၂၀၂၀

မိုးရွာရက်-(၂၀)ရက်၊ မိုးရေချိန်-(၁၁.၆)လက္ခ

စဉ်	မျိုးအမည်	အပင်ပေါက်စုံရက်	၅၀% ပန်းပွင့်ရက်	သိမ်းပင်	ရှည့်မှည့်ရက်	အပင်အမြင့် (cm)	တစ်ပင်ပါသီးကိုင်း	သီးကိုင်းစု	တပင်ပါအောင်တောင့်	တစ်တောင့်ပါအစေ့	အစေ့ (၁၀၀) အလေးချိန်(g)	(၁၀)ပင် အထွက် (g)	အကွက် ထွက်ပေါင်း (g)	တစ်ဧကေ အထွက် (တင်း)	အထွက် ပို%
1	Yezin-11×China(# #2-3#)	5	36	152	64	66.4	1	6	19	11	4.9	54.1	1124.4	20.0	6.3
2	Yezin-11×China(# #2-1#)	5	36	147	64	70.8	1	5	16	11	5.4	44.6	995.6	17.7	
3	Yezin-14×MAS-1(# #2-1#)	5	35	152	64	73.5	1	5	15	9	6.1	43.1	985.0	17.5	
4	Yezin-14×MAS-1(# #9-2#)	5	35	133	64	75.4	2	7	18	10	5.8	47.7	978.8	17.4	
5	Yezin-14×CN-72(# #5-4#)	5	35	156	64	58.7	2	5	15	10	4.9	34.2	981.1	17.4	
6	Yezin-14×MAS-1(# #5-5#)	5	35	147	64	84.1	2	5	16	10	5.9	47.3	973.8	17.3	
7	Yezin-11(C_1)	5	30	119	58	54.1	1	5	15	11	4.9	34.8	692.9	12.3	
8	Yezin-14(C_2)	5	35	144	62	70.3	1	6	19	9	5.1	45.6	929.4	16.5	
9	MAS-1(C_3)	5	35	157	62	70.7	2	6	17	10	5.0	46.4	1056.4	18.8	
	Mean								**17**	**10**	**5.3**	**5.3**	**968.6**	**17.2**	
									**					**	
									6.7					**9.3**	
	SD								**2.0**					**2.9**	
									2.9					**4.1**	

အဝါရောင်မိုစွေ့ရောဂါဒဏ်ခံသက်လျှင်ပဲတီစိမ်းမျိုးများ
သရုပ်ပြစိုက်ပျိုးယှဉ်ပြိုင်ခြင်း

၁။ Program – I, Project – No.6, Activity – 7

၂။ နိဒါန်း

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံများအနက် ပဲတီစိမ်းသီးနှံသည် အဓိကအရေးပါသော သီးနှံတစ်မျိုး ဖြစ်ပါသည်။ ပဲမျိုးစုံသီးနှံ နှစ်စဉ်စိုက်ဧက စုစုပေါင်း(၁၁.၄၅)သန်းခန့် စိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်းသီးနှံသည်(၂၆%) စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

ပဲတီစိမ်းသီးနှံ အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ဖြစ်ပြီး မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စပါးအပြီး သီးထပ်စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံ၏ ပဲတီစိမ်းသီးနှံ တစ်ဧပေန်းတိုင်အထွက်နှုန်းမှာ ၂၀တင်း/ဧကဖြစ်သော်လည်း ပျမ်းမျှအထွက်နှုန်းမှာ ၁၃တင်း/ဧကခန့်သာ ထွက်ရှိသည်ဟုသိရှိရပါသည်။ အထွက်နှုန်း လျော့နည်းရခြင်း၏အဓိကအကြောင်းအရင်းများတွင် ရောဂါပိုးမွှားကျရောက်မှုသည်လည်း ပါဝင်ပါသည်။ပဲတီစိမ်း သီးနှံတွင် အဝါရောင်မိုစွေ့ဗိုင်းရပ်ရောဂါကျရောက်ပါက အထွက်နှုန်းသိသာစွာ လျော့ကျ စေနိုင်ပါသည်။ ထို့ကြောင့်ဤစမ်းသပ်ချက်ကို ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၃။ ရည်ရွယ်ချက် – အဝါရောင်မိုစွေ့ရောဂါဒဏ်ခံအသက်လျှင်ပဲတီစိမ်းမျိုးများရရှိရန် ဖြစ်ပါသည်။

၄။ဆောင်ရွက်မည့်ကာလ–၂၀၁၉ ခုနှစ်မှ ၂၀၂၀ခုနှစ်ထိ

၅။ ဆောင်ရွက်ချက်များ

(က)	ယခုဆောင်ရွက်သည့်ခုနှစ်၊ရာသီ	–	၂၀၂၀ခုနှစ်၊မိုးရာသီ
(ခ)	တာဝန်ယူဆောင်ရွက်သည့်ဝန်ထမ်း	–	ဒေါ်မြင့်မြင့်သိန်း
(ဂ)	စိုက်ရက်	–	၂၀ – ၅ – ၂၀၂၀
(ဃ)	အကြိမ်	–	ပထမ
(င)	စမ်းသပ်ကွက်ပုံစံ	–	(၁၅×၁) လီ၊Simple Trial
(စ)	စမ်းသပ်ကွက်အရွယ်	–	၅၀'×၇.၅'

(ဆ) စမ်းသပ်သည့်မျိုးများ

1.YM–15–8–4
2.YM–15–8–5
3.YM–15–8–6
4.YM–15–8–15
5.YM–15–8–16
6.YM–15–8–17
7.YM–15–8–19
8. YM–15–8–20
9.YM–15–8–22
10. YM–15–8–23
11. YM–15–8–24
12.YM–15–8–29
13.YM–15–8–31
14.YM–15–03–4–21(ck)
15. Yezin–14(ck)

(ဇ) စိုက်နည်းစနစ်

ဤစမ်းသပ်ချက်အား(၆.၅.၂၀)နေ့မှ(၂၁.၅.၂၀)ရက်အတွင်း ရွာသွန်းသော မိုးရွာရက်(၅)ရက်၊ မိုးရေချိန်(၂.၂၇)လက္ခရရှိခဲ့ပြီး အနီးကပ်ဆုံးမိုးရွာရက်ဖြစ်ပါသည်။ (၂၇.၅.၂၀)နှင့် (၂၈.၅.၂၀)ရက်တွင် မိုးရေချိန်(၀.၇၃)လက္ခဖြင့်(၂၉.၅.၂၀)နေ့တွင်စိုက်ပျိုးခဲ့ပါသည်။စိုက်ပျိုးချိန်တွင် ထွန်စက်ဖြင့် ၁ဖဿွား(၁)စပ်မောင်းခြင်း၊ အမှိုက်ကောက်ခြင်း၊ မြေခံအဖြစ်ယူရီးယား၂၈ပေါင်/ဧက၊ တီစူပါ၁၁ပေါင်/ဧက နှင့် ပိုတက်ရှ်၂၈ပေါင်/ဧက ထည့်သွင်းအသုံးပြုခဲ့ပါသည်။ ထို့နောက်နွားထွန်ဖြင့် စိုက်ကြောင်းဆွဲခြင်း၊ ပေကြိုးနှင့် လေဘယ်တိုင်များအသုံးပြု၍ စမ်းသပ်ကွက်အကွက်ရိုက်ခြင်းနှင့် စမ်းသပ်သည့်မျိုးထုပ်များကို မြေပုံအတိုင်းစိုက်ပျိုးခြင်း ဆောင်ရွက်ပါသည်။ (၃၀.၅.၂၀)ရက်တွင် ပေါင်းမြက်များမပေါက်စေရန် ပေါင်းသတ်ဆေး မက်တယ်(72– EC)ပက်ဖျန်းပေးခဲ့ပါသည်။

စမ်းသပ်ချက်များအားလုံး အပင်ပေါက်စုံပြီးနောက် (၁၂.၆.၂၀)နေ့တွင် ကြောင်းဖောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ အပင်ပြုစုခြင်းအနေဖြင့် ပေါင်းထိုးသားခွဲခြင်း လုပ်ငန်းကို (၂၅.၆.၂၀) နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ ပေါင်းထိုးပြီးနောက် ပေါင်းမြက်များ ခြောက်သွေ့သောအခါ ပေါင်းမြက်များကင်းစင်အောင် ကောက်ခြင်းကို (၂၉.၆.၂၀)နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ဘောင်တင်ခြင်းလုပ်ငန်းကိုလည်း (၃၀.၆.၂၀)နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ဘောင်တင်ပြီးနောက်(BIOMAR–30–12–12)ရွက်ဖျန်းမြေဩဇာအမှုန့်ကို ရေတစ်ဂါလံလျှင် (၁၀)ဂရမ်နှုန်း၊ ပင်ပျို(မြစ်ပွား၊အပင်သန်၊အသီးတင်)ဟိုမုန်းဆေးရည်ကို ရေတစ်ဂါလံလျှင်(၂-၃)စီစီနှုန်းနှင့် လဘီလိုက် (၇၀%) မှိုသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရိတ်သိမ်းခြင်းလုပ်ငန်းကို စမ်းသပ်သည့်မျိုးများအလိုက် (၂၈.၇.၂၀ မှ ၃၁.၇.၂၀)ထိ ပထမအကြိမ်၊ (၄.၈.၂၀)နေ့တွင် ဒုတိယအကြိမ်၊(၂၀.၈.၂၀)နေ့တွင် တတိယအကြိမ်သိမ်းဆည်းခဲ့ပါသည်။ ပြာတီးသန့်စင်၊နေလှမ်းခြင်းလုပ်ငန်းကို (၇.၈.၂၀) ၊(၉.၈.၂၀)၊(၃၀.၈.၂၀)နေ့များတွင် ဆောင်ရွက်ခဲ့ပြီး (၁၄.၉.၂၀)နေ့တွင် ချိန်တွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

(ဈ) မြေဩဇာနှုန်းထား

မြေပြင်စဉ် ယူရီးယား ၂၈ပေါင်/ဧက၊ တီစူပါ ၁၁၂ပေါင်/ဧက၊ ပိုတက်ရှ် ၂၈ ပေါင်/ဧက တို့ကို ထည့်သွင်းအသုံးပြုခဲ့ပါသည်။

(ည) ကောက်ယူသည့်မှတ်တမ်းများ

- ၅၀% အပင်ပေါက်စုံရက်
- ၅၀%ပန်းစပွင့်ရက်
- ရင့်မှည့်ရက်
- ရိတ်သိမ်းချိန်အပင်ဦးရေ
- အပင်အမြင့် (cm)
- တစ်ပင်ပါသီးကိုင်း
- သီးကိုင်းစု
- တစ်ပင်ပါအောင်တောင့်
- တစ်တောင့်ပါအစေ့
- အစေ့(၁၀၀)အလေးချိန်(ဂရမ်)
- ၁၀ ပင် အထွက် (ဂရမ်)
- အကွက် ထွက် (ဂရမ်)
- တစ်ဧကအထွက်(တင်း)

မြေအမျိုးအစား -သဲဆန်သောမြေ

ရေအရည်အသွေး - ဤစမ်းသပ်ချက်တွင် သီးနှံသက်တမ်းတလျှောက် ရွာသွန်းသော မိုးရေကိုသာ အသုံးပြုခဲ့ပါသည်။

မိုးရွာရက် -(၁၃)ရက်

မိုးရေချိန် -၅.၄လက္ခ

အနီးကပ်ဆုံး မိုးရွာရက်(၂)ရက်၊ မိုးရေချိန်(၀.၇၃)လက္ခဖြင့် စိုက်ပျိုးခဲ့ပါသည်။ထင်းအစိုဓာတ် ဖြင့် အပင်ပေါက်စုံရက်ရရှိခဲ့ပါသည်။ မိုးရေချိန် (၃.၅၃)လက္ခ ရရှိချိန်တွင် စမ်းသပ်ချက် များအားလုံး ၅၀%ပန်းပွင့်သည်ကို တွေ့ရှိခဲ့ရပါသည်။ ပထမကောက်သိမ်းချိန်(၂၈.၇.၂၀)အထိ မိုးရွာရက် (၁၃)ရက် ဖြင့် မိုးရေချိန်(၅.၄၂)လက္ခရရှိခဲ့ပါသည်။ နောက်ဆုံးအကြိမ်အဖြစ် (၂၈.၈.၂၀)နေ့အထိ သိမ်းချိန်တွင် မိုးရွာရက်(၂၂)ရက်ဖြင့် မိုးရေချိန်(၁၀.၁၂)လက္ခရရှိခဲ့ပါသည်။

(၄)မှတ်တမ်းယူခဲ့သည့်ရက်စွဲများ

- ၂၉.၅.၂၀ နေ့တွင်စိုက်ပျိုးခဲ့ပါသည်။
- ၄.၆.၂၀ နေ့တွင် ၅၀% အပင်ပေါက်စုံရက်ကောက်ယူခဲ့ ပါသည်။
- ၂၉.၆.၂၀မှ၅.၇.၂၀နေ့တွင်၅၀%ပန်းပွင့်ရက်ကိုစမ်းသပ်သည့်မျိုးများ အလိုက်မှတ်တမ်းကောက်ယူပါသည်။
- ၂၈.၇.၂၀မှ၃၁.၇.၂၀ထိရင့်မှည့်ရက်များကိုမျိုးများအလိုက်မှတ်တမ်းကောက်ယူခြင်း၊စမ်းသပ် ကွက်သိမ်းခြင်း၊၁၀ပင်နမူနာအပင်များမှတ်တမ်းရ ယူခဲ့ပါသည်။
- ၇.၈.၂၀မှ၃၀.၈.၂၀ထိ ထိပြောတီးသန့်စင်နေလှမ်းခြင်းပြုလုပ်ပါသည်။
- ၁၄.၉.၂၀ နေ့တွင်ချိန်တွယ်ပြီးမှတ်တမ်းယူခဲ့ပါသည်။

၆။တွေ့ရှိချက်ချက်နှင့်ဖော်ပြချက်များ

စဉ်	မျိုးအမည်	တစ်ပင်ပါ အောင်တောင့်	တစ်တောင့် ပါအစေ့	အစေ့၁၀၀ အလေးချိန် (gm)	တစ်ဧက အထွက် (တင်း)	အထွက် ပို %
၁	YM–15–8–4	8	7	7.0	5.0	–
၂	YM–15–8–5	7	8	6.5	8.2	9.3
၃	YM–15–8–6	5	7	7.0	7.0	
၄	YM–15–8–15	5	8	7.0	5.9	
၅	YM–15–8–16	7	7	6.9	8.6	14.6
၆	YM–15–8–17	8	7	7.0	11.1	48.0
၇	YM–15–8–19	7	7	7.0	11.6	54.7
၈	YM–15–8–120	9	7	6.2	12.5	66.7
၉	YM–15–8–122	7	7	6.0	10.9	45.3
၁၀	YM–15–8–23	7	8	6.0	10.0	33.3
၁၁	YM–15–8–24	7	8	7.0	9.8	30.7
၁၂	YM–15–8–29	9	8	5.8	8.4	12.0
၁၃	YM–15–8–31	10	8	6.2	9.3	24.0
၁၄	YM–03–4–21(ck)	8	9	5.7	7.3	
၁၅	Yezin–14(ck)	9	8	5.0	7.5	
	Mean	**7.5**	**7.6**	**6.4**	**8.8**	
	SD	**1.4**			**2.1**	

Data Analysis

Yield trial– Standard Deviration From Mean Microsoft(Simple) Office excel 2010

အဝါရောင်မိုစေ့ရောဂါဒဏ်ခံပဲတီစိမ်းမျိုးများ သရုပ်ပြကွက်စိုက်ပျိုးပြသခြင်း(၁၅မျိုး× ၁လှီ) Simple Trialမကွေးခြံ

စဉ်	မျိုးအမည်	အပင်ပေါက်စုံရုက်	၅၀% ပန်းပွင့်ရက်	သိမ်းပင် 10'တန်းရှိအပင်ဦးရေ	ရင့်မှည့်ရက်	အပင်အမြင့် (cm)	သီးကိုင်းစု	တပင်ပါအောင်တောင့်	တစ်တောင့်ပါအစေ့	အစေ့ (၁၀၀) အလေးချိန်(g)	(၁၀)ပင်အထွက် (g)	အကွက်ထွက်ပေါင်း (ဗူး)	တစ်ဧကအထွက် (တင်း)
1	YM-15-8-4	5	33	18	61	27.5	3	8	7	7.0	35.5	5.50	5.0
2	YM-15-8-5	5	35	25	63	31.4	3	7	8	6.5	35.5	9.0	8.2
3	YM-15-8-6	5	35	23	63	29.1	3	5	7	7.0	26.0	7.75	7.0
4	YM-15-8-15	5	35	18	63	26.6	2	5	8	7.0	25.5	6.50	5.9
5	YM-15-8-16	5	35	22	63	28.3	3	7	7	6.9	32.0	9.50	8.6
6	YM-15-8-17	5	35	23	63	32.7	3	8	7	7.0	37.5	12.25	11.1
7	YM-15-8-19	5	35	27	63	37.2	2	7	7	7.0	32.0	12.75	11.6
8	YM-15-8-20	4	32	27	63	30.6	3	9	7	6.2	36.5	13.75	12.5
9	YM-15-8-22	5	38	28	64	31.2	3	7	7	6.0	28.2	12.00	10.9
10	YM-15-8-23	5	38	24	64	30.8	2	7	8	6.0	32.8	11.00	10.0
11	YM-15-8-24	5	38	22	64	27.4	4	7	8	7.0	36.8	10.75	9.8
12	YM-15-8-29	5	38	16	64	32.2	3	9	8	5.8	38.7	9.25	8.4
13	YM-15-8-31	5	38	19	64	28.3	5	10	8	6.2	42.5	10.25	9.3
14	YM-03-4-21 (ck)	5	38	19	64	29.1	3	8	9	5.7	40.5	8.00	7.3
15	Yezin-14(ck)	5	38	24	63	30.1	3	9	8	5.0	34.5	8.25	7.5
	Mean							**7.5**	**7.6**	**6.4**		**9.8**	**8.8**
	SD							**1.4**					**2.1**

၇။သုံးသပ်ချက်နှင့်အကြံပြုချက်

ဤစမ်းသပ်ချက်ကို အနီးကပ်ဆုံးရွာသွန်းခဲ့သော မေလ(၂၇)ရက်နှင့် မေလ(၂၈)ရက်တွင် ရရှိခဲ့သော မိုးရေချိန်(၀.၇၃)လက္ခဖြင့် (၂၉.၅.၂၀)နေ့တွင် စိုက်ပျိုးခဲ့ ပါသည်။

စံထားမျိုးများဖြစ်သည့် Yezin-14 နှင့် YM-03-4-21 တို့သည်(၃၈)ရက်တွင် ၅၀%ပန်းပွင့်သည်ကို တွေ့ရပါသည်။ YM-15-8-20မျိုးသည်(၃၂)ရက်နှင့် YM-15-8-4 မျိုးတို့သည် (၃၃)ရက် နှင့် ၅၀%ပန်းပွင့်ရက ်အစောဆုံးဖြစ်သည်ကို တွေ့ရပါသည်။ YM-15-8-5, YM-15-8-6 ,YM-15-8-15, YM-15-8-16, YM-15-8-17 နှင့် YM-15-8-19မျိုးများသည် ၅၀%ပန်းပွင့်ရက် (၃၅)ရက်ဖြစ်ပါသည်။ကျန်မျိုးများသည် စံထားမျိုးများနှင့် ၅၀%ပန်းပွင့်ရက် တူညီသည်က ိုတွေ့ရှိရပါသည်။

ဤစမ်းသပ်ချက်တွင ်စံထားမျိုး Yezin-14 သည်(၇.၅)တင်းနှင့် YM-03-4-21 စံထားမျိုးသည် (၇.၃)တင်းသာ ထွက်ရှိသည်ကိုတွေ့ရှိရပါသည်။ စမ်းသပ်ချက်အားလုံး၏ ပျမ်းမျအထွက်နှုန်းမှာ (၈.၈)တင်း/ဧကဖြစ်ပါသည်။ ထို့ကြောင့် စံထားမျိုးများ၏ အထွက်နှုန်းနှင့် စမ်းသပ်ချက်အားလုံး၏ ပျမ်းမျအထွက်နှုန်းထက် သာလွန်သော မျိုး(၃)မျိုးကို တွေ့ရှိရပါသည်။ ၎င်းမျိုးများမှာ YM-15-8-20မျိုး သည်((၁၂.၅)တင်း/ဧကဖြင့်အထွက်အများဆုံးဖြစ်ပါသည်။ YM-15-8-19 မျိုးသည်(၁၁.၆)တင်း/ဧက၊YM-15-8-17မျိုးသည်(၁၁.၁)တင်း/ဧကနှုန်း အသီးသီး ထွက်ရှိသည်ကို တွေ့ရှိရ ပါသည်။

စမ်းသပ်တွေ့ရှိချက်အရ ၎င်းမျိုး(၃)မျိုးသည် စံထားမျိုးများဖြစ်သည့် Yezin-14,YM-03-4-21 မျိုးများထက် အစေ့(၁၀၀)အလေးချိန် ပိုမိုသာလွန်ခြင်းနှင့် ရိတ်သိမ်းစဉ် အပင်ဦးရေ ကွာခြားခြင်းတို့ကြောင့် အထွက်နှုန်း ပိုမိုသာလွန်သည်ဟု ယူဆမိပါသည်။ ဤစမ်းသပ်ချက်အား ဆက်လက်စမ်းသပ်သင့်သည်ဟု သံးသပ်မိပါသည်။

၈။ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

လာမည့်စမ်းသပ်ရာသီ ၂၀၂၁ခုနှစ်၊မိုးရာသီတွင် ဆက်လက်စိုက်ပျိုး သွားမည်ဖြစ်ပါသည်။

ICRISAT မှရရှိသော PhytophthorabLight ရောဂါဒဏ်ခံနိုင်သောပဲစင်းငုံမျိုးများ အဆင့်မြင့် အထွက်ယှဉ်ပြိုင်ခြင်း

၁။ Program – I, Project – 1, Activity – 1

၂။ နိဒါန်း

ပဲစင်းငုံသီးနှံကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး တောင်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြပြီး တောင်ကုန်းဒေသများတွင်လည်း စိုက်ပျိုးကြပါသည်။ပဲစင်းငုံသီးနှံသည် ခြောက်သွေ့မှုဒဏ်ကို ခံနိုင်ရည်ရှိသောကြောင့် မိုးနည်းရေရှား ရပ်ဝန်းဒေသများနှင့် သင့်လျော်သောသီးနှံလည်းဖြစ်ပါသည်။ ပဲစင်းငုံစေ့တွင် Proteinဓါတ်ပါဝင်မှု လည်းမြင့်မားပါသည်။ ပဲစင်းငုံစေ့ကို ဟင်းချိုချက်၍ လူများစားသုံးလေ့ရှိကြပြီး ပဲစင်းငုံအသီးခွံ ခြောက်များနှင့် အရွက်များကို နွားစာအဖြစ် အသုံးပြုကြပါသည်။ ၎င်းအပြင် ပဲစင်းငုံအကိုင်းခက် ပင်စည်များကို ကျေးလက်ဒေသများတွင် ထင်းအဖြစ်လည်းကောင်း ၊ ခြံစည်းရိုးအကာအဖြစ် လည်းကောင်း သုံးလေ့ရှိကြပြီး ပဲစဉ်းငုံအမြစ်များကိုလည်း တူးဖော်ပြီး ထင်းအဖြစ် အသုံးပြုကြပါ သည်။ ပဲစဉ်းငုံတစ်ပင်လုံးရှိအစိတ်အပိုင်းအားလုံးသည် လူနှင့်တိရိစ္ဆာန်တို့အတွက် များစွာအသုံး ဝင်သောကြောင့် အလွန်ပင်တန်ဖိုးရှိလှသောသီးနှံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပဲစင်းငုံသီးနှံကို မိုးရာသီတွင် စိုက်ပျိုးလေ့ရှိကြပြီး 2017–2018 ခုနှစ်တွင် စုစုပေါင်း ပဲစင်းငုံစိုပ်ဧရိယာမှာ(658,000 ha) ဖြစ်ပြီးစုစုပေါင်းထုတ်လုပ်မှုမှာ(812,000 MT) ဖြစ်ပါ သည်။(MOALI , 2018 ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်ရာတွင် ကျရောက်တတ်လေ့ရှိသောရောဂါများ အနက် PhytophthorabLightရောဂါသည်လည်းအရေးကြီးသောရောဂါတစ်ခုပါသည်။ ၎င်းရောဂါ ကျရောက်မှုသည်အပင်ငယ်စဉ်တွင်ကျရောက်ပါကအပင်များသေစေနိုင်ပြီး အထွက်ကိုလည်းထိခိုက် စေနိုင်ပါသည်။သို့ဖြစ်ပါ၍ ၎င်းရောဂါကြောင့်ပဲစင်းငုံအထွက် လျော့ကျမှုမှ ကာကွယ်နိုင်ရန်အတွက် ယခုစမ်းသပ်ချက်ကိုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၃။ ရည်ရွယ်ချက်

PhytophthorabLightရောဂါဒဏ်ခံနိုင်သောပဲစင်းငုံမျိုးများရရှိရန် ဖြစ်ပါသည်။

၄။ ဆောင်ရွက်သည့်ကာလ – ၂၀၂၀ခုနှစ်

၅။ဆောင်ရွက်ချက်များ

(က)	ယခုဆောင်ရွက်သည့်ခုနှစ်၊ရာသီ	- ၂၀၂၀ခုနှစ်၊မိုးရာသီ
(ခ)	တာဝန်ယူဆောင်ရွက်သည့်ဝန်ထမ်း	- ဒေါ်ဝင်းဝင်းမာ
(ဂ)	စိုက်ရက်	- ၃၀-၅-၂၀၂၀
(ဃ)	အကြိမ်	- ပထမ
(င)	စမ်းသပ်ကွက်ပုံစံ	- (၁၇×၃) လီ၊ RCB
(စ)	စမ်းသပ်ကွက်အရွယ်	- (၁၂'×၂၀')(၁၂'ရှည်၊၄တန်း)

(ဆ)စမ်းသပ်သည့်မျိုးများ

၁။	ICPL-17101	၁၀။	ICPL-17115
၂။	ICPL-17102	၁၁။	ICPL-17116
၃။	ICPL-17104	၁၂။	ICPL-17119
၄။	ICPL-17106	၁၃။	ICPL-17120
၅။	ICPL-17107	၁၄။	ICPL-17123
၆။	ICPL-17108	၁၅။	ICPL-17124
၇။	ICPL-17109	၁၆။	ရေဆင်း-၉(C_1)
၈။	ICPL-17113	၁၇။	မုံရွာရွှေဒင်္ဂါး (C_2)
၉။	ICPL-17114		

(ဇ)စိုက်နည်းစနစ်

- ၃၀-၅-၂၀၂၀ရက်နေ့တွင် တန်းကြား×ပင်ကြားအကွာအဝေး(၅'×၁')ထား၍ စိုက်ပျိုးခဲ့ပါ သည်။မစိုက်ခင် စက်ထယ်တစ်စပ်၊ထွန်တစ်စပ်ဝင်ပြီးနွားထွန်ဖြင့် ကြောင်းဆွဲ စိုက်ပျိုးခဲ့ပါ သည်။
- ၄-၆-၂၀၂၀ မှ၇-၆-၂၀၂၀ထိ အပင်မပေါက်သဖြင့် Sprinkler ဖြင့် ရေဖျန်းခဲ့ပါသည်။
- ၁၂-၆-၂၀၂၀ရက်နေ့တွင် မျိုးစေ့ဖာခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။
- ၂၃-၆-၂၀၂၀မှ ၂၄-၆-၂၀၂၀ထိ ပထမအကြိမ် ပေါင်းထိုးခဲ့ပါသည်။
- ၃၀-၆-၂၀၂၀ ရက်နေ့တွင် ပင်ပျိုဟော်မုန်းအားဆေး 3cc/gal နှုန်းနှင့် BIOMER 30-12-12 ရွက်ဖျန်းမြေဩဇာမှုန့် ဟင်းစားဖွန်းတစ်ဖွန်း/ဂါလံနှုန်းနှင့် လာဘီလိုက် 70%WP5gm/gal နှုန်းတို့ ပက်ဖျန်းခဲ့ပါသည်။
- ၁၀-၇-၂၀၂၀ ရက်နေ့တွင် ပဲစင်းငုံပင်တန်းခြေပေါင်းရှင်းခဲ့ပါသည်။ K-tionicအားဆေး 16cc / gal နှန်းနှင့် လာဘီလိုက် 70% WP 5gm/gal နှုန်းတို့ ပက်ဖျန်းခဲ့ပါသည်။

- ၁၃-၇-၂၀၂၀မှ၁၄.၇.၂၀ ရက်နေ့တွင် ပဲစင်းငုံပင်တန်းခြေ ဖျူရာဒန်3G ထည့်သွင်းခဲ့ပါသည်။
- ၂၃-၇-၂၀၂၀ ရက်နေ့တွင် ဘိုင်ဖိုလန် 40-60 cc/20 gal Topsin 70% WP 5gm/gal နှုန်းတို့ ပက်ဖျန်းခဲ့ပါသည်။

(စျ) မြေဩဇာနှုန်းထား

မြေပြင်စဉ်ယူရီးယား၂၈ပေါင်/ဧကၢတီစူပါ၅၆ပေါင်/ဧကၢပိုတက်ရှ်၂၈ပေါင်/ဧကတို့ကိုထည့်သွင်းအသုံးပြုခဲ့ပါသည်။

(ည)**ကောက်ယူသည့်မှတ်တမ်းများ**

- အပင်ပေါက်စုံရက်
- ပန်းစပွင့်ရက်
- ၅၀% ပန်းဖြိုင်ရက်
- ရင့်မှည့်ရက်
- ရိတ်သိမ်းချိန်ရှိအပင်ဦးရေ
- ဘေးကိုင်း
- တစ်ပင်ပါအောင်တောင့်
- တစ်တောင့်ပါအစေ့
- အစေ့(၁၀၀)အလေးချိန်(ဂရမ်)
- နမူနာ ၅ပင်အထွက် (ဂရမ်)
- အကွက် ထွက် (ဂရမ်)
- တစ်ဧကအထွက် (တင်း)

မြေအမျိုးအစား-သဲဆန်သောမြေ

ရေအရည်အသွေးစမ်းသပ်ချက်စိုက်ပျိုးရာသီတလျှောက် စိုက်ပြီး(၄-၆-၂၀၂၀ မှ ၇-၆-၂၀၂၀)အထိမြေအောက်ရေပေးသွင်းခဲ့ပြီး ကျန်စိုက်ပျိုးရာသီတလျှောက် သဘာဝရွာသွန်းသော မိုးရေကိုသာ အသုံးပြုခဲ့ ပါသည်။

မိုးရွာရက် -(44)ရက်

မိုးရေချိန် - (23.1)လက်မ

(ဋ္ဌ) မှတ်တမ်းကောက်ယူခဲ့သည့်ရက်စွဲများ

- ၄-၆-၂၀၂၀ မှ ၁၄-၆-၂၀၂၀ ထိအပင်ပေါက်စုံရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
- ၁၂-၉-၂၀၂၀ မှ ၂၂-၉-၂၀၂၀ ထိမျိုးအလိုက်ပန်းစတင်ပွင့်ရက်မှတ်တမ်းကောက်ယူခဲ့ပါသည်။
- ၂၈-၉-၂၀၂၀မှ၁၇-၁၀-၂၀၂၀ထိမျိုးအလိုက်၅၀%ပန်းဖြိုင်ရက်မှတ်တမ်းများကောက်ယူခဲ့ပါသည်။
- ၁၄-၁၁-၂၀၂၀ မှ ၂၄-၁၁-၂၀၂၀ ထိမျိုးအလိုက် ရင့်မှည့်ရက်မှတ်တမ်းများကောက်ယူခဲ့ပါသည်။
- ၁၅-၁၂-၂၀၂၀ မှ ၂၉-၁၂-၂၀၂၀ ထိရင့်မှည့်မျိုးလိုင်းများအလိုက် ခုတ်သိမ်းခဲ့ပြီးနမူနာ(၅)ပင် Data မှတ်တမ်းများကောက်ယူခဲ့ပါသည်။
- ၅-၁-၂၀၂၁ မှ ၇-၁-၂၀၂၁ ထိအစေ့(100)အလေးချိန်၊ (5)ပင်ထွက်နှင့် အကွက်ထွက် အစေ့အလေးချိန်များ ချိန်တွယ်၍ မှတ်တမ်း Data များကောက်ယူခဲ့ပါသည်။

၆။တွေ့ရှိချက်ဇယားနှင့်ဖော်ပြချက်များ

စဉ်	မျိုးအမည်	တစ်ပင်ပါ အောင် တောင့်	တစ် တောင့် ပါအစေ့	အစေ့၁၀၀ အလေးချိန် (gm)	(5)ပင် အထွက် (gm)	တစ်ဧက အထွက် (တင်း)	အထွက်ပို %
1	ICPL–17101	306	4	11.0	308.9	4.0	–
2	ICPL–17102	346	4	12.2	266.8	3.4	–
3	ICPL–17104	415	4	11.0	349.2	4.9	–
4	ICPL–17106	575	4	9.6	652.1	9.3	69.1%
5	ICPL–17107	453	4	9.2	451.7	5.8	–
6	ICPL–17108	270	4	8.1	259.0	2.7	–
7	ICPL–17109	286	4	8.3	338.9	4.3	–
8	ICPL–17113	436	4	10.6	517.1	8.1	47.3%
9	ICPL–17114	480	4	9.6	559.6	9.1	65.5%
10	ICPL–17115	170	3	9.7	114.0	1.0	85.5%
11	ICPL–17116	469	4	10.7	498.0	10.2	–
12	ICPL–17119	361	4	8.8	279.3	3.2	–
13	ICPL–17120	510	4	8.0	680.4	5.0	–
14	ICPL–17123	517	4	9.0	532.1	11.9	116.4%
15	ICPL–17124	277	4	11.5	273.2	2.2	–
16	ရေဆင်း–၉ (C_1)	574	4	8.0	730.7	17.5	Ck
17	မုံရွာရွှေဒင်္ဂါး– (C_2)	349	4	8.6	294.6	5.5	ck
	Mean	**399.6**	**3.9**	**9.6**	**418.0**	**6.4**	
	F–test	**				**	
	CV%	**26.4%**				**8.9%**	
	LSD 0.05						

တွေ့ရှိချက်

ယခုစမ်းသပ်ချက်တွင် စံထားမျိုးအဖြစ် ရေဆင်း-၉ နှင့် မုံရွာရွှေဒဂီးမျိုးတို့ကို အသုံးပြုခဲ့ပါသည်။ စံထားမျိုး ရေဆင်း-၉ထက် အထွက်နှုန်းပိုမိုသော မျိုးလိုင်းမတွေ့ရသော်လည်းမုံရွာရွှေဒဂီး မျိုးထက် အထွက်နှုန်းပိုမိုသော မျိုးလိုင်း(၅)လိုင်းတွေ့ရှိရပါသည်။ဂင်းမျိုးလိုင်းများမှာ ICPL-17106 ICPL-17106, ICPL-17113 , ICPL-17114, ICPL-17116 နှင့်ICPL-17123 တို့ ဖြစ်ပါသည်။ စံထားမျိုး မုံရွာရွှေဒဂီးမှာ တစ်ဧက(5.5) တင်းထွက်ရှိပြီး ICPL-17106မျိုးလိုင်းမှာ တစ်ဧက(9.3)တင်း ICPL - 17113 မျိုးလိုင်းမှာ တစ်ဧက(8.1)တင်း ၊ ICPL-17114 မျိုးလိုင်းမှာတစ်ဧက(9.1)တင်း ICPL-17116 မျိုးလိုင်းမှာ တစ်ဧက(10.2)တင်းနှင့် ICPL-17123 မျိုးလိုင်းများမှာ တစ်ဧက(11.9) တင်း အသီးသီးထွက်ရှိကြပြီး ရာခိုင်နှုန်းအားဖြင့် ICPL-17106မှာ69.1 %, ICPL-17113 မှာ47.3 % , ICPL-17114မှာ65.5 %, ICPL- 17116 မှာ 85.5 % နှင့် ICPL-17123 မှာ 116.4% စံထားမျိုး မုံရွာရွှေဒဂီးထက် ပိုမိုသည်ကို တွေ့ရှိရပါသည်။အထက်ဖော်ပြပါ မျိုးလိုင်း(၅)လိုင်းသည် တစ်ပင်ပါအောင်တောင့်နှင့် အစေ့(၁၀၀)အလေးချိန်တို့တွင်လည်း စံထားမျိုး မုံရွာရွှေဒဂီးထက် ပိုမိုသည်ကို တွေ့ရှိရပါသည်။

ယခုစမ်းသပ်မှုတွင် မျိုးလိုင်းအများစုမှာ အပင်ဦးရေကောင်းမွန်သော်လည်း အပင်အများစုမှာ ပန်းပွင့်များလှိုင်လှိုင်ပွင့်ပြီး အသီးအနည်းငယ်သာတင်ခြင်း ၊ အချို့အပင်များလုံးဝအသီးမတင်ခြင်းများတွေ့ရှိရ၍ အထွက်နှုန်းမှာလည်းလျော့နည်းနေသည်ကိုတွေ့ရှိရပါသည်။

သုံးသပ်ချက်

စမ်းသပ်လေ့လာတွေ့ရှိချက်အရ မျိုးလိုင်းများမှာ ICPL-17106, ICPL-17113, ICPL-17114I, CPL-17116 နှင့်ICPL-17123 မျိုးလိုင်းတို့သည် တစ်ပင်ပါအောင်တောင့်၊ အစေ့(၁၀၀) အလေးချိန် နှင့် တစ်ဧကအထွက်တင်းတို့တွင် စံထားမျိုး မုံရွာရွှေဒဂီးမျိုးထက် ပိုမိုသောကြောင့် အလားအလာကောင်း မျိုးလိုင်းများဖြစ်မည်ဟုသုံးသပ်ရပါသည်။

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

ယခုစမ်းသပ်ချက်သည် ပထမအကြိမ်ဖြစ်သောကြောင့် လာမည့် 2021ခုနှစ် မိုးရာသီတွင်ဒုတိယအကြိမ်အနေနှင့် ဆက်လက်စမ်းသပ် ဆောင်ရွက်သွားပါမည်။

Reference

MOAIL(Ministry of Agriculture, livestock and Irrigation).2018. Myanmar Agriculture at a Glance. Department of Agricultural Planning.

ICRISAT မှ ရရှိသော Phytophthorablight ရောဂါဒဏ်ခံနိုင်သောပဲစင်းငုံမျိုးများအဆင့်မြင့်အထွက်ယှဉ်ပြိုင်ခြင်း(17×3)လီ RCB

ရိတ်သိမ်းသည့်အကွက်အရွယ်-(၁၂'×၂၀')မကွေးဒေသသုတေသနဗဟိုဌာန

စိုက်ရက်-၃၀-၅-၂၀၂၀ မိုးရွာရက်-၄၄ရက် သိမ်းရက်-၁၅-၁၂-၂၀၂၀

တန်းကြားပင်ကြား-၅'×၁' မိုးရေချိန်-၂၁.၀၆လက်မ

စဉ်	မျိုးအမည်	ထပ်ပြုကြိမ်	အပင်ပေါက်စုံရက်	ပန်းစပွင့်ရက်	၅၀% ပန်းဖြိုင်ရက်	ရင့်မှည့်ရက်	သိမ်းပင်	ဘေးကိုင်း	တပင်ပါအောင်တောင့်	တတောင့်ပါအစေ့	အစေ့(၁၀၀)အလေးချိန် (gm)	၅ပင်အထွက် (gm)	အကွက်ထွက် (gm)	တစ်ဧကအထွက် (တင်း)
1	ICPl – 17101	3	11	142	166	202	38	4	306.1	4	11.0	308.9	402.8	4.0
2	ICPl – 17102	3	11	142	167	203	38	4	346.4	4	12.2	266.8	339.3	3.4
3	ICPl – 17104	3	10	138	162	203	39	4	415.4	4	11.0	349.2	537.1	4.9
4	ICPl – 17106	3	11	133	150	195	43	5	574.5	4	9.6	652.1	1015.1	9.3
5	ICPl – 17107	3	13	144	166	203	41	4	453.4	4	9.2	451.7	591.3	5.8
6	ICPl – 17108	3	10	141	166	197	39	3	269.5	4	8.1	259.0	226.5	2.7
7	ICPl – 17109	3	11	137	163	202	42	3	285.8	4	8.3	338.9	427.7	4.3
8	ICPl – 17113	3	11	142	168	205	43	4	436.2	4	10.6	517.1	938.0	8.1
9	ICPl – 17114	3	11	139	163	200	44	5	479.7	4	9.6	559.6	1075.3	9.1
10	ICPl – 17115	3	10	137	158	205	37	4	169.9	3	9.7	114.0	66.3	1.0
11	ICPl – 17116	3	12	139	162	203	42	4	465.3	4	10.7	498.0	1331.6	10.2
12	ICPl – 17119	3	10	138	160	196	39	4	360.7	4	8.8	279.3	296.7	3.2

ICRISAT မှ ရရှိသော Phytophthorablight ရောဂါဒဏ်ခံနိုင်သောပဲစင်းငုံမျိုးများအဆင့်မြင့်အထွက်ယှဉ်ပြိုင်ခြင်း(17×3)လီ RCB

ရိတ်သိမ်းသည့်အကွက်အရွယ်-(၁၂'×၂၀')မကွေးဒေသသုတေသနဗဟိုဌာန

စဉ်	မျိုးအမည်	ထပ်ပြုကြိမ်	အပင်ပေါက်စုံရက်	ပန်းစပွင့်ရက်	၅၀% ပန်းဖြိုင်ရက်	ရင့်မှည့်ရက်	သိမ်းပင်	ဘေးကိုင်း	တပင်ပါအောင်တောင့်	တတောင့်ပါအစေ့	အစေ့ (၁၀၀) အလေးချိန် (gm)	၅ပင်အထွက် (gm)	အကွက်ထွက် (gm)	တစ်ဧကအထွက် (တင်း)
13	ICPl – 17120	3	11	142	166	199	39	5	509.5	4	8.0	689.4	227.2	5.0
14	ICPl – 17123	3	12	131	151	198	40	5	516.9	4	9.0	532.1	1603.0	11.9
15	ICPl – 17124	3	10	142	166	201	41	3	276.5	4	11.5	273.2	126.0	2.2
16	ရေဆင်း-၉ (c_1)	3	12	138	151	204	44	5	574.2	4	8.0	730.7	2419.2	17.5
17	မုံရွာရွှေဒင်္ဂါး (c_2)	3	132	149	195	39	4	348.9	4	8.6	294.6	690.9	5.5	
	F–test								**					**
	CV%								26.4%					8.9%
	LSD 0.05													
	LSD 0.01													

အထွက်ကောင်း၍ဈေးကွက်ဝင် အရည်အသွေးရှိသည့်သက်လတ်ပဲစင်းငုံမျိုးများ သရုပ်ပြစိုက်ပျိုးခြင်း (၅×၁)လီ Simple Trial

၁။Program-I ,Project-6, Activity-7

၂။ နိဒါန်း

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံသည် ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံခြားပို့ကုန်အဖြစ် အရေးအကြီးသော သီးနှံတစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံစိုက်ကေစုစုပေါင်း (၁၁.၄၅) သန်းခန့်စိုက်ပျိုးလျက်ရှိသည်ဟု သိရှိရပြီး ပဲစင်းငုံသီးနှံသည် ၁၅ ‰ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပျမ်းမျှအထွက်နှုန်းမှာ (၁၂)တင်းနှုန်းခန့် ထွက်ရှိသည်ဟု သိရှိရပါသည်။ ပြည်တွင်း၌ အနည်းငယ်သာစားသုံးပြီး အဓိကအားဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိပြီးနိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေပေးလျက်ရှိ သောသီးနှံတစ်မျိုးဖြစ်ပါသည်။

ပဲစင်းငုံသီးနှံကို အပူပိုင်းခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် မိုးသီးနှံအဖြစ် အများဆုံးစိုက်ပျိုးကြပါသည်။ပဲစင်းငုံသီးနှံသည် အများစုမှာ သက်ကြီးမျိုးများဖြစ်သောကြောင့် သီးညှပ်အနေဖြင့်စိုက်ပျိုးကြပါသည်။

၃။ ရည်ရွယ်ချက် – အထွက်နှုန်းကောင်း၍ဈေးကွက်ဝင်အရည်အသွေးရှိသည့်အစေ့နီဝါရောင် သက်လတ်ပဲစင်းငုံမျိုးများရရှိရန်။

၄။ ဆောင်ရွက်သည့်ကာလ –၂၀၁၉–၂၀၂၀

၅။ ဆောင်ရွက်ချက်များ

(က)ဆောင်ရွက်သည့်ခုနှစ်/ရာသီ – ၂၀၂၀ (မိုး)

(ခ) တာဝန်ယူဆောင်ရွက်သည့်ဝန်ထမ်း – ဒေါ်မြင့်မြင့်သိန်း

(ဂ) စိုက်ရက် – ၃၁–၅–၂၀၂၁

(ဃ) အကြိမ် – ပထမ

(င) စမ်းသပ်ကွက်ပုံစံ – (၅×၁)လီ Simple Trial

(စ) စမ်းသပ်ကွက်အရွယ် – (၅၀'×၂၀')

(ဆ)စမ်းသပ်သည့်မျိုးများ

၁။ MGPHL – 15–3

၂။ MGPHL – 15–4

၃။ ICPH – 3341–1

၄။ ရေဆင်း–၉ – (C_1)

၅။ မုံရွာရွှေဒင်္ဂီး– (C_2)

(ဈ)ဓါတ်မြေဩဇာနှုန်းထား

၁။ ယူရီးယား ၂၈ပေါင်/ဧက၊

၂။ တီစူပါ၅၆ပေါင်/ဧက

၃။ ပိုတက်ရှ် ၂၈ပေါက်/ဧက

(ည)ကောက်ယူသည့်မှတ်တမ်းများ

- အပင်ပေါက်စုံရက်
- ပန်းစပွင့်ရက်
- ၅၀% ပန်းပွင့်ရက်
- ရင့်မှည့်ရက်
- သိမ်းပင်
- တစ်ပင်ပါသီးကိုင်း
- တစ်ပင်ပါအောင်တောင့်
- တစ်တောင့်ပါအစေ့
- အစေ့၁၀၀အလေးချိန်(gm)
- အကွက်ထွက်(နှံ့ဆီဘူး)
- တစ်ဧကအထွက်(တင်း)

(၈) စိုက်နည်းစနစ်အသေးစိတ်

